ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပင်စင်ဦးစီးဌာန
ရုံးအမှတ် (၃၄)၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၀၄၁၈ ၊ ဖက်စ်-၀၆၇-၃၄၁၀၄၁၉

စာအမှတ်၊ ပင်စင်-၁/၅/၁၂(၁၈၈၂ / ၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ် လ ၃၀ ရက်

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်
နေပြည်တော်

အကြောင်းအရာ။ **COVID-19 ကပ်ရောဂါကာလအတွင်း နှစ်လွန်ပင်စင်ဖြစ်ပေါ်သူများအား ဖြေလျှော့ထုတ်ယူခွင့်ပြုကြောင်း ကြေညာချက် ပေးပို့ခြင်း**

ရည်ညွှန်းချက် ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၇-၈-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/၃/၃ (၄၉၇၈/၂၀၂၁)

၁။ COVID-19 ကပ်ရောဂါကာလအတွင်း နှစ်လွန်ပင်စင်ဖြေလျှော့ရန်ကိစ္စအား ၂၇-၈-၂၀၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀-၂၀၂၁) ကြိမ်မြောက်အစည်းအဝေးမှ ပင်စင်ဦးစီးဌာန၏ အမှာစာဖြင့် တင်ပြချက်အား သဘောတူခဲ့ပါသည်။

၂။ သို့ပါ၍ အသွားအလာကန့်သတ်မှုများကြောင့် ပင်စင်စားများ ပင်စင်လစာထုတ်ယူရာတွင် အခက်အခဲမဖြစ်စေရန် **၁-၄-၂၀၂၀ ရက်နေ့မှ ၃၁-၁၂-၂၀၂၀ ရက်နေ့အထိကာလနှင့် ၁-၁-၂၀၂၁ ရက်နေ့မှ ၃၁-၈-၂၀၂၁ ရက်နေ့အထိ ကာလအတွင်းရှိသော** ပင်စင်လစာထုတ်ယူနိုင်ခြင်းမရှိသည့် နှစ်လွန်ပင်စင်စားများအား ပင်စင်လစာထုတ်ယူခွင့် ရပ်ဆိုင်းခြင်းမပြုဘဲ **၃၁-၃-၂၀၂၂ ရက်နေ့အထိ** ဆက်လက်ထုတ်ယူခွင့်ပြုမည် ဖြစ်ပါကြောင်း ပူးတွဲပါ ကြေညာချက်နှင့် နှစ်လွန်ပင်စင်လျှောက်ထားခြင်းဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်အား လက်အောက်ခံ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ အကြောင်းကြားပေးပါရန် ညွှန်ကြားအပ်ပါသည်။

30.8.2021
(စီစီပြုံး)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ပင်စင်ဦးစီးဌာန၊ ရုံးချုပ်ဌာနခွဲအားလုံး

ပင်စင်ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးအားလုံး

ရုံးလက်ခံ

မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပင်စင်ဦးစီးဌာန

ကြေညာချက်အမှတ် ( ၅ / ၂၀၂၁ )

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

( ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

**ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နှစ်လွန်ပင်စင်ဖြစ်ပေါ်မှုများအား**

**ဖြေလျှော့ထုတ်ယူခွင့်ပြုကြောင်း ကြေညာချက်**

၁။ ကိုဗစ်-၁၉ ကပ်ရောဂါပြည်တွင်းကူးစက်မှု ဖြစ်ပွားနေ၍ အသွားအလာကန့်သတ်မှုများကြောင့် ပင်စင်စားများပင်စင်ထုတ်ယူရာတွင် အခက်အခဲမဖြစ်စေရန် (၁-၄-၂၀၂၀) ရက်နေ့မှ (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တစ်နှစ်ထက်ကျော်လွန်၍ ပင်စင်ထုတ်ယူနိုင်ခြင်း မရှိသည့် နှစ်လွန်ပင်စင်ဖြစ်ပေါ်ခဲ့သည့် ပင်စင်စားများအား ပင်စင်လစာထုတ်ယူခွင့်ရပ်ဆိုင်းခြင်း မပြုဘဲ (၃၀-၉-၂၀၂၁) ရက်နေ့အထိ ဆက်လက်ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း (၂၇-၁-၂၀၂၁) ရက်နေ့ တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ကိုဗစ်-၁၉ တတိယလှိုင်းဆက်လက်ဖြစ်ပေါ်နေမှုကြောင့် နှစ်လွန်ပင်စင်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည် -

(က) (၁-၄-၂၀၂၀) ရက်နေ့မှ (၃၁-၁၂-၂၀၂၀) ရက်နေ့အထိကာလအတွင်း တစ်နှစ်ထက် ကျော်လွန်၍ ပင်စင်လစာထုတ်ယူနိုင်ခြင်းမရှိသည့်ပင်စင်စားများအား ပင်စင်ထုတ်ယူ ခွင့်ကို (၃၀-၉-၂၀၂၁) ရက်နေ့အထိ ခွင့်ပြုခဲ့ခြင်းအား (၃၁-၃-၂၀၂၂) ရက်နေ့အထိ ဆက်လက် ထုတ်ယူခွင့်ပြုမည် ဖြစ်ပါသည်။

( ခ ) (၁-၁-၂၀၂၁) ရက်နေ့မှ (၃၁-၈-၂၀၂၁) ရက်နေ့အထိကာလအတွင်း တစ်နှစ်ထက် ကျော်လွန်၍ ပင်စင်လစာထုတ်ယူနိုင်ခြင်းမရှိသည့် ပင်စင်စားများအား ပင်စင်ထုတ်ယူ ခွင့်ရပ်ဆိုင်းခြင်းမပြုဘဲ (၃၁-၃-၂၀၂၂) ရက်နေ့အထိ ဆက်လက်ထုတ်ယူခွင့်ပြုမည် ဖြစ်ပါသည်။

၃။ သို့ပါ၍ အထက်ပါကာလအတွင်း နှစ်လွန်ဖြစ်ပေါ်ခဲ့သော ပင်စင်စားများအနေဖြင့် မိမိတို့ ပင်စင် ထုတ်ယူရာဘဏ်သို့ ပင်စင်ဆက်လက်ထုတ်ယူခွင့် လျှောက်ထားတင်ပြ၍ ထုတ်ယူနိုင်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပင်စင်ဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(ခ)

## နှစ်လွန်ပင်စင်လျှောက်ထားခြင်းဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်

## (Standard Operating Procedures - SOP)

| | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့်အချက် | ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | နှစ်လွန်ပင်စင်ထုတ်ယူခွင့် လျှောက်ထားခြင်း၊ | ၁.၁ နှစ်လွန်ပင်စင်လစာ ထုတ်ယူခွင့်ပြုပါရန် အကြောင်းကြောင်း ဖော်ပြထားသည့် ကိုယ်တိုင်ရေးလျှောက်လွှာ၊<br>၁.၂ e-pension ကတ် (သို့) ပင်စင်စာအုပ် ပူးတွဲတင်ပြရန် | ကာယကံရှင်<br>(နှစ်လွန်ပင်စင်လျှောက်ထားသူ) |
| ၂။ | နှစ်လွန်ပင်စင်ခွင့်ပြုခြင်း၊ | ၂.၁ နှစ်လွန်ပင်စင်လျှောက်လွှာ၊ ပင်စင်စာအုပ်၊ e-pension ကတ်ပါ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးရန်၊<br>၂.၂ အငြိမ်းစားကိုယ်တိုင် မလာရောက်နိုင်ပါက ဆက်သွယ်ရေး နည်းတစ်မျိုးမျိုး (ဥပမာ- video call )ဖြင့် လူတွေ့စစ်ဆေး ပေးရန်၊<br>၂.၃ အငြိမ်းစားသက်ရှိထင်ရှားရှိကြောင်း ခိုင်လုံသည့်အထောက် အထားရယူထားရန်၊<br>၂.၄ နှစ်လွန်ပါက နှစ်လွန်ပင်စင် ဆက်လက်ထုတ်ယူခွင့်ပြုပါရန်၊ | မြန်မာ့စီးပွားရေးဘဏ်ခွဲများ |

| | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့်အချက် | ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် အဖွဲ့အစည်း |
|---|---|---|---|
| ၃။ | ခွင့်ပြုပြီးနှစ်လွန်ပင်စင် လျှောက်ထားမှုများအား ဆက်လက် မှတ်တမ်းတင်ခြင်း၊ | ၃.၁ နှစ်လွန်ပင်စင်ဖြစ်ခဲ့မှုများအားဘဏ်လက်ခံမှတ်တမ်း စိစစ်ရန်၊<br>၃.၂ မှတ်တမ်းတင်ပြီး လျှောက်လွှာများအား ပင်စင်ဦးစီးဌာနသို့ စုစည်းပေးပို့ရန်၊ | မြန်မာ့စီးပွားရေးဘဏ်ခွဲများ |
| ၄။ | နှစ်လွန်ပင်စင်ခွင့်ပြုမိန့်များ အား ပင်စင်ဦးစီးဌာနတွင် မှတ်တမ်းတင်ခြင်း၊ | ၄.၁ ဘဏ်ခွဲများမှပေးပို့လာသည့်နှစ်လွန်ပင်စင်လျှောက်လွှာ များအား ပင်စင်ဦးစီးဌာနမှစိစစ်မှတ်တမ်းတင်ရန်၊<br>၄.၂ ပင်စင်စား၏ သက်ဆိုင်ရာဌာနများသို့ နှစ်လွန်ပင်စင်ခွင့်ပြုမှု အား အသိပေးအကြောင်းကြားရန်၊ | ပင်စင်ဦးစီးဌာန(ရုံးချုပ်)/ ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ရုံးများ |
| ၅။ | အခက်အခဲများရှိပါက ဆက်သွယ်ခြင်း၊ | ၅.၁ ပင်စင်စားများနှင့်နှစ်လွန်ပင်စင်လျှောက်ထားသူများ၏ အချက်အလက်အခက်အခဲရှိပါကပြန်လည်စိစစ်ပေးနိုင်ရေး ပင်စင်ဦးစီးဌာနသို့ ဆက်လက်သတင်းပို့ရန်၊ | ညွှန်ကြားရေးမှူး၊ ပင်စင်လုပ်ငန်းဌာနခွဲ၊ ၀၆၇-၄၁၀၅၂၀၊ ၀၆၇-၄၁၀၅၄၃၊ ၀၆၇-၄၁၀၃၇၂ |